**ရှမ်းလူ့ အခွင့်အရေး မဏ္ဍိုင်မှ ထုတ်ပြန်ချက်**

**မတ်လ ၂၈ ၂၀၁၄**

# မြန်မာစစ်တပ်မှ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကျယ်ပြန့်စွာလုပ်ဆောင်နေခြင်းသည် လက်ရှိ တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်ဆဲရေး တွေ့ဆုံဆွေးနွေးပွဲများအား နှောင့်နှေးထိခိုက်စေသည်

လက်ရှိ တစ်နိုင်ငံလုံး အတိုင်းအတာအပစ်အခတ်ရပ်ဆဲရေး တွေ့ဆုံဆွေးနွေးပွဲကို ထိခိုက် နှောင့်နှေးစေနိုင်သော လုပ်ရပ်များဖြစ်သည့် ဒေသခံပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်း လူ့အခွင့်အရေး ချိုးဖောက်မှု ညှင်းပန်းနှိပ်စက်မှုများအား ယခု ၂၀၁၄ ခုနှစ် မတ်လအတွင်း၌ပင် မြန်မာစစ်တပ်မှ ရှမ်းပြည်နယ်အတွင်း ပိုမိုလုပ်ဆောင်နေခြင်းကို ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှ လွန်စွာစိုးရိမ်ပူပန်လျှက်ရှိသည်။

ရှမ်းပြည်နယ်ရှိ မြို့နယ် ၃ မြို့နယ်ဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့၊ ကျောက်မဲမြို့၊ နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်များအတွင်း မြန်မာစစ်တပ်များမှ ဥပဒေမဲ့တိုက်ခိုက်ခြင်း နှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို လုပ်ဆောင်နေကြောင်း မကြာသေးမီကမှ မှတ်တမ်းတင်ထားရှိခဲ့သည်။ မြန်မာစစ်တပ် တပ်ရင်း၆ရင်းမှစစ်သားများသည်

လူနေကျေးရွာများအတွင်း မော်တာများသေနတ်များဖြင့်ပစ်ခတ်ခြင်း၊ ရွာသားများအား ဖမ်းဆီးနှိပ်စက်ခြင်း၊ နှင့် ရွာသားပိုင် ပစ္စည်းဥစ္စာ အစားအစာများအား အဓမ္မလုယူ သတ်ဖြတ်စားသောက်ခြင်းများကို ပြုလုပ်လျှက်ရှိသည်။

ဖြစ်ရပ်တစ်ခုချင်းစီတွင်---- အစိုးရနှင့်တစ်ဖွဲ့ခြင်းဆီအပစ်ရပ်ဆဲရေး လက်မှတ်ရေးထိုးထားပြီး လက်ရှိ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး လုပ်ငန်းစဉ်တွင်လည်း ပါဝင်နေသော ရှမ်းလက်နက်ကိုင် အဖွဲ့များဖြစ်သည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (SSA-N) နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA-South) တို့အား မြန်မာစစ်တပ်များမှ စစ်ရေးအရတိုက်ခိုက်မှုပြုလုပ်ရာတွင် အပြစ်မဲ့ ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းများကိုပြုလုပ်လျှက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၄ခု မတ်လ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ထုတ်ပြန်သည့် အစီအရင်ခံစာထဲတွင် သီပေါမြို့အခြေစိုက် တပ်ရင်း ၅၀၂၊ ပဲခူး အခြေစိုက်တပ်ရင်း ၇၇ ၊ နှင့် နောင်ချိုအခြေစိုက် တပ်ရင်း ၁၁၅ တို့သည် နောင်ချိုအတွင်းရှိ ရွာများအား ကြိုတင်သတိပေးခြင်းမရှိဘဲ ရွာများအတွင်းသို့ မော်တာသေနတ်များဖြင့်ပစ်ခတ်ခဲ့ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ရွာသားများအား သေနတ်ဖြင့်ချိန်ရွယ်ကာ ခြိမ်းခြောက်မေးမြန်းခြင်း၊ ပစ္စည်းဥစ္စာများ လုယူခြင်းတို့ကြောင့် ရွာ၁၁ ရွာမှ ရွာသားပေါင်း ၂၀၀၀ ခန့်တို့မှာ ၎င်းတို့နေအိမ်နှင့် ရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

အလားတူပင် သျှမ်းသံတော်ဆင့် အစီရင်ခံသတင်းအရ ပြီးခဲ့သည့်မတ်လ ၁-၂ ရက်နေ့တို့တွင် အထက်ပါ နောင်ချိုမြို့တွင်းရှိရွာများအား ပစ်ခတ်ခဲ့သော မြန်မာစစ်တပ် တပ်ရင်း ၇၇ နှင့် အခြားတပ်ရင်း ၅၀၃ တို့မှ မတ်လ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ မြို့နှင့် ၂၀ မိုင်အကွာတွင်ရှိသော ဂမ်မောက်ငါးဇန့်ကျေးရွာအတွင်း မော်တာများ သေနတ်များဖြင့် ပစ်ခတ်ခဲ့ပြန်သည်။ ယင်းမြန်မာစစ်တပ်များမှ ရွာသား ၆ ဦး (အမျိုးသမီး ၁ ဦးအပါဝင်) တို့အားဖမ်းဆီးကာ ရှမ်းပြည်နယ် တပ်မတော်မြောက်ပိုင်း (SSA-N) နှင့် ဆက်စပ်မှုရှိသည်ဟု သံသယဖြစ်ကာ စစ်ဆေးမေးမြန်းမှုများ၊ ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည်။ ယင်းသတင်းပါ အချက်အလက်အရ မြန်မာစစ်တပ်များမှ အနည်းဆုံးစစ်အင်အား ၅၀၀ ခန့်ကိုလည်း ၎င်းဒေသများအတွင်း တိုးချဲ့ချထားခဲ့သည်။

ထို့အပြင်မတ်လ ၂၆ ရက်နေ့တွင်လည်း သျှမ်းသံတော်ဆင့် နှင့် Tai Freedom တို့မှ သတင်းထုတ်ပြန်ချက်များမှ ၂၃ ရက်နေ့တွင် မြန်မာတပ်ရင်း ၅၁၉ နှင့် ၅၃ တို့မှ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်တွင်း ရှမ်းပြည်တပ်မတော် တောင်ပိုင်း SSA-South နှင့် တိုက်ပွဲအပြီး ပန်ကျန်းရွာတွင်းမှ ရွာသားများပိုင် ပစ္စည်းဥစ္စာများ အဓမ္မသိမ်းယူမှုများပြုလုပ်ခဲ့သည်။ ၎င်းအစီရင်ခံ သတင်းများမှ " မြန်မာစစ်သားများသည် ရွာတွင်းရှိ အိမ်များထဲဝင်ကာ ရွာသားများကို

လက်နက်များဖြင့် ခြိမ်းခြောက်ခဲ့ကြသည်။ အချို့တပ်သားများမှ ရွာသားများအား ရွာလယ်တွင် စုထိုင်ခိုင်းထားပြီး၊ ယင်းသို့ တအိမ်တက်ဆင်း မွှေနှောက်ရှာဖွေသည့် တပ်သားများသည် ရွာသားပိုင်ပစ္စည်းဥစ္စာများကို ယူဆောင်သွားခဲ့သည်။"

ဤကဲ့သို့ မြန်မာစစ်တပ်များမှ ပြည်သူများကို ဥပဒေမဲ့တိုက်ခိုက်ခြင်း လူ့အခွင့်အရေးချိုးဖောက်ခြင်းစသည့် လုပ်ရပ်များကို တိုးချဲ့လုပ်ဆောင်နေခြင်းမှာ လုံးဝ လက်မခံနိုင်သော လုပ်ရပ်များဖြစ်သည်။ အထူးသဖြင့် လက်ရှိကာလတွင် အစိုးရမှ တိုင်းရင်းသား ခေါင်းဆောင်များနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်နေသောအချိန်တွင်၊ ဤလုပ်ရပ်များကို ကျူးလွန်နေခြင်းမှာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် ယုံကြည်မှုများကို ပျက်ပြားစေရုံသာမက ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း နှောင့်နှေး ထိခိုက်စေသည်။

ပြီးခဲ့သည့် မတ်လ ၂၄ ရက်နေ့က Harvard University's Interntional Human Rights Clinic မှ ရန်ကုန်မြို့တွင်သတင်းထုတ်ပြန်သွားသော အစီအရင်ခံစာတွင် မြန်မာစစ်တပ်မှ ဆယ်စုနှစ်ကြာ အပြစ်မဲ့ပြည်သူလူထုများအား ပစ်မှတ်ထားတိုက်ခိုက်သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များကို တစိုက်မတ်မတ်နှင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြောင်း ဖော်ပြထားခြင်းကို ရှမ်းပြည်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှု လက်ရှိဖြစ်ရပ်များက သက်သေပြလျှက်ရှိသည်။ ယင်းထုတ်ပြန်သွားသည့် အစီအရင်ခံစာတွင် Clinic မှ မြန်မာစစ်တပ်ကို " အရပ်သားစစ်သား မခွဲခြားဘဲ တိုက်ခိုက် သတ်ဖြတ်မှုများ" ကိုရပ်ဆဲရန် နှင့် "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ဆန့်ကျင်ရန်နှင့် ရှင်းလင်းသုတ်သင်ရန် ရည်ရွယ်ချက်ဖြင့် အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်သည့်လုပ်ရပ်များ နှင့် ရည်ရွယ်ချက်ရှိရှိချမှတ်ထားသော ပေါ်လစီများကို များကို ဖြတ်သိမ်းရန်" တောင်းဆိုခဲ့သည်။

ကျွန်ုပ်တို့ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှလည်း ဤကဲ့သို့အပြစ်မဲ့ပြည်သူများအားပစ်မှတ်ထားကာ တရားဥပဒေမဲ့စွာ တိုက်ခိုက်ခြင်း လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို မြန်မာစစ်တပ်မှ ကျူးလွန်နေခြင်း၊ တိုင်းရင်းသား ဒေသများတွင် စစ်တပ်များ တိုးချဲ့ချထားခြင်းများကို ရပ်တန်းကရပ်ရန် ပြင်းပြစွာတောင်းဆိုလိုက်သည်။